# သဘာဝ သယံဇာတဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်

### ပြည်တွင်း အခြေခံအုတ်မြစ်

နိုင်ငံများအနေဖြင့် သဘာဝ သယံဇာတများ ထုတ်လုပ်ခြင်း မပြုလုပ်မီ ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များကို ကျင့်ထုံး ၁ နှင့် ၂ တွင် ဖော်ပြထားသည်။ သယံဇာတများကို ထိရောက်စွာ အသုံးချရန်၊ ဆင်ဆင်ခြင်ခြင် အသုံးချရန် နှင့် လက်ရှိမျိုးဆက်၊ အနာဂါတ်မျိုးဆက်များအတွက် အကျိုးဖြစ်ထွန်းစေရန် လိုက်နာရမည့်အချက်များကိုဖော်ပြထားသည်။ အဖက်ဖက်မှ ပြည့်စုံအောင်ချမှတ်ထားသည့် ဗျူဟာ၊ ရှင်းလင်းသည့် ဥပဒေပြဋ္ဌာန်းချက်နှင့် စွမ်းရည်ထက်မြက်သည့် ဌာနများ ရှိနေရန်လိုသည်။ သတ်မှတ်ထားသည့်ဥပဒေများ အသက်သွင်းရန်နှင့် ကြပ်မတ်ရန်အတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု လိုအပ်သည်။



ကျင့်ထုံး ၁။

### ဗျူဟာ၊ ဆွေးနွေးအကြံယူခြင်း၊ လုပ်ငန်းဌာနများ

အစိုးရသည် သဘာဝ သယံဇာတများဖြင့် လက်ရှိမျိုးဆက်နှင့် အနာဂါတ်မျိုးဆက်များကို အကျိုးဖြစ်ထွန်းစေရန်၊ နိုင်ငံသားများအပေါ် ဆိုးကျိုးသက်ရောက်မှု မရှိစေရန် စီမံဆောင်ရွက်ရမည်။ ထိုကဲ့သို့ စီမံနိုင်ရန်အတွက် ရှင်းလင်း၊နားလည်လွယ်ပြီး အားလုံးအတွက် ထည့်သွင်းစဉ်းစားကာ ပြုစုထားသည့် မဟာဗျူဟာဖြင့် သယံဇာတများ ထုတ်ယူရမည်။ ယင်းမဟာဗျူဟာ အောင်မြင်ရန်မှာ ခိုင်မာမှုရှိ၍ အမှန်တကယ် အသုံးဝင်သော ဥပဒေများ၊ လုပ်ငန်းတာဝန်ကို ထက်မြက်စွာ ဆောင်ရွက်နိုင်သည့်ဌာနများ ရှိရန်လိုသည်။



ကျင့်ထုံး ၂။

### တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှု

ဆုံးဖြတ်ချက်ချသူများသည် အများပြည်သူများကို အပြည့်အစုံ သတင်းပေးရမည်။ တာဝန်ခံမှု ရှိရမည်။ ရရှိသည့် အခွန်ပမာဏ၊ စာချုပ်များ၊ ပါဝင်လုပ်ကိုင်နေသည့် ကုမ္ပဏီများကို ပိုင်ဆိုင်သူများ အပါအဝင်ချခဲ့သည့် ဆုံးဖြတ်ချက်တိုင်းတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းကို အခြေခံအဖြစ် ဆောင်ရွက်ရမည်။ ဥပဒေပြုအမတ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မီဒီယာများသည် ယင်းအချက်အလက်များကို အသုံးပြုပြီး အစိုးရကို စိစစ်ဝေဖန်မှုများ ပြုလုပ်ရမည်။ သယံဇာတများကို အလေအလွင့်မရှိ စီမံရန်၊ အများပြည်သူအကျိုးကို ရှေးရှုရန် တိုက်တွန်းရမည်။

### သယံဇာတ တူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အဆင့်ဆင့်

ကျင့်ထုံးအမှတ် ၃ မှ ၁၀ တွင် သဘာဝ သယံဇာတများကို နိုင်ငံသားများ၏ ကြွယ်ဝမှုအဖြစ် အသွင်ပြောင်းနိုင်ရန်အတွက် အစိုးရအနေဖြင့် ချမှတ်ရမည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ဖော်ပြထားသည်။ သယံဇာတ ရှာဖွေခြင်း နှင့် တူးဖော်ရန် ဆုံးဖြတ်ချက်ချခြင်း၊ ကုမ္ပဏီများနှင့် ညှိနှိုင်းခြင်း၊ ရရှိလာသည့် အခွန်ဝင်ငွေများကို အကျိုးရှိစွာ အသုံးချခြင်း၊ ရေရှည်ဖွံ့ဖြိုးမှုအတွက် သယံဇာတမှ ရရှိလာသည့် ငွေများကို ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆိုင်သည့် အခြေခံမှုများကို ဖော်ပြထားသည်။



ကျင့်ထုံး ၃။

### ရှာဖွေခြင်း နှင့် လိုင်စင်ချထားပေးခြင်း

သယံဇာတ ရှာဖွေမှုများနှင့် ထုတ်လုပ်မှုများကို အစိုးရအနေဖြင့် ခွင့်ပြုပေးရမည်။ ဓမ္မဓိဋ္ဌာန်ကျစွာ သတ်မှတ်ထားသည့် သတ်မှတ်ချက်များကို အသုံးပြု၍ လိုင်စင်များကို ပွင့်လင်းမြင်သာမှုရှိစွာ ချထားပေးရမည်။ ပထမအဆင့်အနေဖြင့် နိုင်ငံတွင်း ရှိနေသည့် သယံဇာတများ၏ အခြေအနေကို နားလည်အောင် စုံစမ်းရမည်။ မည်သည့်နေရာတွင် တူးဖော်မည်ကို ဆုံးဖြတ်ရာတွင် ယင်းအချက်အလက်များအပေါ် အခြေခံပြီး ဆုံးဖြတ်ရမည်။ ထို့နောက်တွင် အစိုးရအနေဖြင့် နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်သည့်၊ နည်းပညာပိုင်း၊ ဘဏ္ဍာရေးပိုင်း တောင့်တင်းသည့် ကုမ္ပဏီသို့ တူးဖော်ခွင့် သို့မဟုတ် ထုတ်လုပ်ခွင့် ချထားပေးရမည်။



ကျင့်ထုံး ၅။

### ဒေသခံများအပေါ် ဆိုးကျိုးသက်ရောက်မှု

သဘာဝ သယံဇာတ စီမံကိန်းများသည် သဘာဝ ဝန်းကျင်နှင့် လူမှုဝန်းကျင်ပေါ်သို့ ပြင်းထန်သည့် ဆိုးကျိုးများ သက်ရောက်စေနိုင်သည်။ ယင်းဆိုးကျိုးများကို စီမံကိန်းအနီး နေထိုင်သူများက အများဆုံး ခံစားရသည်။ အစိုးရအနေဖြင့် တူးဖော်မှု လုပ်ငန်းများ မစတင်မီ ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ဖော်ထုတ်ရန်လိုပြီး၊ ကုမ္ပဏီများအနေဖြင့် အန္တရာယ်များ လျော့ချခြင်းလုပ်ငန်းများ မဖြစ်မနေ ဆောင်ရွက်ရန် ညွှန်ကြားရမည်။ သယံဇာတ စီမံကိန်းများသည် အလုပ်အကိုင်နေရာများ ဖန်တီးပေးခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှု ဝယ်လိုအားများတက်လာခြင်း၊ အခြေခံအဆောက်အဦးများ အဆင့်မြင့်လာခြင်း နှင့် ရပ်ရွာအတွက် ငွေကြေး အသုံးပြုခြင်းတို့ဖြင့် ဒေသခံများကို အကျိုးရှိစေရမည်။ အစိုးရအနေဖြင့် အပြုသဘော သက်ရောက်မှုများ မြင့်တင်နိုင်ရန် နည်းလမ်း ရှာရမည်။



ကျင့်ထုံး ၄။

### အခွန်ကောက်ခံခြင်း

သဘာဝသယံဇာတများမှ အဓိကရရှိသည့် အကျိုးအမြတ်မှာ နိုင်ငံအတွက် အခွန်အခများ ဖြစ်သည်။ ယင်းအခွန်အခများသည် နိုင်ငံသားများ သက်သာချောင်ချိရေး နှင့် စီးပွားရေးတိုးတက်မှုတို့ကို ပံ့ပိုးပေးနိုင်ရမည်။ ကျင့်သုံးမည့် အခွန်စနစ်သည် အဆင့်အတန်းရှိစွာ လုပ်ငန်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ပြီး နိုင်ငံအတွက်လည်း သင့်တော်သည့် ကာလတခုအတွင်း အခွန်အခများကို ရှာဖွေပေးနိုင်သည့်စနစ် ဖြစ်ရမည်။ ဖော်ပြပါအချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရအနေဖြင့် ရှင်းလင်း၍၊ အခြေအနေနှင့်ကိုက်ညီသော၊ နှစ်အလိုက် အပြောင်းအလဲ ပြုလုပ်နိုင်သည့် အခွန်စနစ်ကို ဖော်ထုတ်ရမည်ဖြစ်ပြီး၊ ထိထိရောက်ရောက် အသုံးချရမည်ဖြစ်သည်။



ကျင့်ထုံး ၆။

### နိုင်ငံပိုင် သယံဇာတတူးဖော်ရေး ကုမ္ပဏီများ

နိုင်ငံအတွက် ဝင်ငွေရှာဖွေရန်၊ နည်းပညာများရယူရန်၊ တူးဖော်ရေး စီမံကိန်းဆိုင်ရာ လုပ်ငန်းဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အစိုးရ၏ ဩဇာလွှမ်းမိုးမှုရှိရန် ရည်ရွယ်၍ နိုင်ငံပိုင် သယံဇာတ တူးဖော်ရေးကုမ္ပဏီများကို ဖွဲ့စည်းကြသည်။ သို့သော်လည်း အစိုးရသည် အခွင့်အာဏာ အလွဲသုံးခြင်း သို့မဟုတ် ကုမ္ပဏီပိုင်းစီမံမှုတွင် အားနည်းခြင်းများရှိပါက ပြဿနာတက်နိုင်သည်။ အထူးသဖြင့် နိုင်ငံပိုင်ကုမ္ပဏီများသည် စည်းကမ်းကြီးကြပ်ရေးကိုလည်း တာဝန်ယူရပြီး စီးပွားဖြစ်လုပ်ငန်း ဆောင်ရွက်မှုများလည်း ရှိနေသည်ဆိုပါက ပြဿနာများ ဖြစ်စေနိုင်ပါသည်။ နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် ပြည်သူများကို တာဝန်ခံမှုရှိရမည်။ ရှင်းလင်းစွာ သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရမည်။



ကျင့်ထုံး ၇။

### ရရှိလာသည့် အခွန်ဝင်ငွေများကို အသုံးပြုခြင်း။

သဘာဝ သယံဇာတမှ ရရှိလာသည့်ဝင်ငွေများ အသုံးပြုပုံနှင့်ပတ်သတ်ပြီး အစိုးရသည် ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဖြစ်သည်။ နိုင်ငံသား အလွှာစုံ အသီးသီးအတွက် မျှတစွာ၊ အလေအလွင့်မရှိ အသုံးပြုရမည် ဖြစ်သကဲ့သို့ လက်ရှိနှင့်အနာဂါတ်မျိုးဆက်များ အကျိုးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုသည်။ သို့သော်လည်း တူးဖော်ရေးလုပ်ငန်းများ၏သဘောသဘာဝအရ စီမံမှုပြုလုပ်ရန်ခက်ခဲသည်။ ပြန်ပြည့်မြဲမဟုတ်သည့်အရင်းအမြစ်များမှ ရရှိသော အခွန်ငွေများသည် ရေရှည်တည်တံ့မှုမရှိပဲ အတက်အကျ ကြမ်းသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် စီးပွားရေးကို အဆိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဖော်ပြပါ အခက်အခဲများကို အစိုးရအနေဖြင့် ရေရှည်ကို ကြိုတင်စဉ်းစားပြီး မဟာဗျူဟာကျစွာဖြင့် ဖြေရှင်းရန်လိုသည်။



ကျင့်ထုံး ၉။

### အစိုးရ အသုံးစရိတ်

ဝင်ငွေအများအပြား စုပြုံရောက်ရှိလာခြင်းသည်လည်း စိန်ခေါ်မှု တစ်ခုဖြစ်သည်။ အထူးသဖြင့် အစိုးရ အုပ်ချုပ်ရေးယန္တယား အရွယ်အစား ငယ်လွန်းခြင်း သို့မဟုတ် ဘတ်ဂျတ်အများအပြား စီမံဖူးသည့်အတွေ့အကြုံမရှိပါက ပို၍ဆိုးနိုင်သည်။ တလွဲ စီမံမိပါက သယံဇာတ ဝင်ငွေများ အကျိုးမရှိ ဖြစ်သွားနိုင်သည်။ အစိုးရ အသုံးစရိတ်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ရေရှည်သဘော၊ နိုင်ငံသား အားလုံးအတွက် မျှတစွာ အသုံးချနိုင်သည့် အခွင့်အရေးလည်း ဖြစ်သည်။ နောက်ထပ်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများကို လက်ခံနိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ စီမံမှုစွမ်းရည်များ မြှင့်တင်နိုင်သည့် အခွင့်အရေးလည်းဖြစ်သည်။



ကျင့်ထုံး ၈။

### ဝင်ငွေအတက်အကျ မှန်းဆမရခြင်း။

အနာဂါတ်တွင် သဘာဝသယံဇာတမှ ဝင်ငွေမည်မျှရရှိမည်ကို မသိသည် ဖြစ်သောကြောင့် အစိုးရအနေဖြင့် အလေအလွင့်မရှိ သုံးစွဲရန် အခက်အခဲရှိသည်။ တိုင်းပြည်အများစုသည် ဝင်ငွေကောင်းသည့် အချိန်တွင် ဒလဟောသုံးစွဲပြီး ဈေးကွက်ပျက်သည့်အခါတွင် အသုံးစရိတ် ဖြတ်တောက်ရမှုများရှိသည်။ အစိုးရသည် ရေတိုတွင် တည်ငြိမ်သည့် ပြည်တွင်းအသုံးစရိတ်ကို ချမှတ်သုံးစွဲပြီး၊ ရေရှည်တွင် သဘာဝသယံဇာတအပေါ် မှီခိုနေရမှုမှ ကင်းလွတ်အောင် စီးပွားရေးလုပ်ငန်း အမျိုးမျိုး ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေအတက်အကျကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို ရှောင်ရှားနိုင်ရန် ဆောင်ရွက်သင့်သည်။



ကျင့်ထုံး ၁၀။

### ပုဂ္ဂလိကကဏ္ဍ ခိုင်မာအောင် ဆောင်ရွက်ခြင်း။

အစိုးရများသည် သယံဇာတမှရရှိသည့် ငွေများကို စီးပွားရေးအမျိုးအစား အစုံအလင် တိုးတက်အောင် (diversified economy) ဆောင်ရွက်ရာတွင် အသုံးပြုသင့်သည်။ သဘာဝ သယံဇာတ အပေါ်မှီခိုခြင်းသည် အခြားသောကဏ္ဍများ ရေရှည်တိုးတက်မှုကို အထောက်အပံ့မဖြစ်စေပဲ ချိန်နဲ့စေသည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများ ရှင်သန်စေရန် ပတ်ဝန်းကျင်ကောင်းများ ပံ့ပိုးပေးခြင်းဖြင့် ယင်းအခက်အခဲများကို ဖြေရှင်းရန် အရေးကြီးသည်။

### နိုင်ငံတကာ ပါဝင်မှု

နောက်ဆုံး ကျင့်ထုံး ၂ ခုတွင် နိုင်ငံတကာ ကုမ္ပဏီများ၊ နိုင်ငံခြား အစိုးရများ နှင့် အခြား အစုအဖွဲ့များအနေဖြင့် သယံဇာတ ကြွယ်ဝသည့် နိုင်ငံများမှ နိုင်ငံသားများ၏ ရေရှည်အကျိုး နှင့် အားလုံးပါဝင်လျက် ခံစားနိုင်အောင် ကူညီပေးနိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပံ့ပိုးမှုများ ဝိုင်းဝန်းမှုများ လုံလုံလောက်လောက် မရှိပါက နိုင်ငံတစ်ခု၏ သဘာဝသယံဇာတ စီမံမှု အားထုတ်မှုများမှာ အရာမထင် ဖြစ်သွားနိုင်သည်။



ကျင့်ထုံး ၁၁။

### နိုင်ငံတကာ ကုမ္ပဏီများ၏ အခန်းကဏ္ဍ။

သဘာဝ သယံဇာတ ကုမ္ပဏီများအနေဖြင့် သဘာဝ ဝန်းကျင်ဆိုင်ရာ၊ လူမှုဝန်းကျင်ဆိုင်ရာ၊ လူ့အခွင့်အရေး နှင့် အုပ်ချုပ်စီမံပုံဆိုင်ရာ အမြင့်ဆုံး စံနှုန်းများကို လိုက်နာသင့်သည်။ ၎င်းတို့ ဝင်ရောက်ရင်းနှီးသည့် တိုင်းပြည်နှင့် ရပ်ရွာများ၏ ရေရှည် တိုးတက်မှုကို အထောက်အပံ့ ဖြစ်စေရန် ရည်ရွယ်လျက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သင့်သည်။ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးများ လျော့ချခြင်း၊ လာဘ်စားမှု တိုက်ဖျက်ရေး သတ်မှတ် ချက်များကို တင်းကျပ်စွာ လိုက်နာခြင်း၊ အခွန်ပေးသွင်းမှု၊ စာချုပ်စာတမ်းအစရှိသော စီမံကိန်းဆိုင်ရာ အချက်အလက်များကို အများပြည်သူ သိစေရန် တင်ပြခြင်းများကို ဆောင်ရွက်ရမည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့နှင့် လုပ်ငန်းဖက်စပ် ဆောင်ရွက်သည့် မိတ်ဖက်များ၊ ကန်ထရိုက်၊ ဆပ်ကန်ထရိုက်များအားလည်း တင်းကျပ်သည့် စည်းကမ်းများ လိုက်နာရန် သတ်မှတ်ရမည်။



ကျင့်ထုံး ၁၂။

### နိုင်ငံတကာ အသိုင်းအဝိုင်း၏ အခန်းကဏ္ဍ။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း သဘာဝ သယံဇာတ ထုတ်ယူရာတွင် စံနှုန်းမြင့်မြင့်ထား၍ ထုတ်ယူခြင်းအလေ့အထ တိုးတက်လာအောင် အားပေးရမည်။ တူးဖော်ရေးဆိုင်ရာ အချက်အလက်များကို အများပြည်သူ သိသာစေရန် ထုတ်ပြန်ခြင်းနှင့်ဆိုင်ပြီး စောင့်ကြည့်ခြင်း၊ ပြဋ္ဌာန်းချက်များ ရေးဆွဲခြင်း၊ အသိအမှတ်ပြုလက်ခံထားသည့် လူ့အခွင့်အရေး၊ သဘာဝ ဝန်းကျင်နှင့် လူမှုဝန်းကျင် စံနှုန်းများအတိုင်း ဆောင်ရွက်နေမှု ရှိစေရန် ကြပ်မတ်ခြင်း၊ ငွေမဲစီးဆင်းမှု တိုက်ဖျက်ခြင်း၊ လာဘ်စားမှု တိုက်ဖျက်ခြင်းများကို အားပေးပံ့ပိုးပေးရမည်။

# သဘာဝ သယံဇာတဆိုင်ရာ ကျင့်ထုံး အကောင်အထည်ဖော်မှု အခြေအနေ

၂၀၁၈မတ်

Natural Resource Governance Institute



Minzayar Oo for NRGI

## မြန်မာနိုင်ငံနှင့် သဘာဝ သယံဇာတ ကျင့်ထုံး အကောင်အထည်ဖော်မှု အခြေအနေ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးနီးပါးတွင် တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြပြီး အစိုးရအခွန် အများစုကို သယံဇာတတူးဖော်မှုများမှ ရရှိသည်။ အလေအလွင့်မရှိ စီမံနိုင်ပါက သဘာဝသယံဇာတများသည် နိုင်ငံ၏စီးပွားရေး၊ နိုင်ငံရေး နှင့် လူမှုရေးအသွင်ပြောင်းမှုများကို အထောက်အပံ့ ဖြစ်စေနိုင်သည်။ သို့သော်လည်း သယံဇာတ တူးဖော်မှုများတွင် အကျင့်ပျက် လာဘ်စားမှုများ၊ ပဋိပက္ခ၊ ပတ်ဝန်းကျင် ပျက်စီးမှုများ ယနေ့ထက်တိုင် ရှိနေဆဲဖြစ်သည်။

အစိုးရများ၊ နိုင်ငံသားများ ၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများ၏ ကောင်းကျိုးများကို အမြင့်ဆုံး ရရှိစေရန်၊ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကို လျော့ချရန် နည်းလမ်းများကို သဘာဝ သယံဇာတ ကျင့်ထုံးတွင် ဖော်ပြ ထားသည်။ သဘာဝသယံဇာတများကို စီမံရာတွင် ရှုပ်ထွေးသည့် ဆုံးဖြတ်ချက်များ၊ အလဲအလှယ်လုပ်ရသည့်ကိစ္စများ ပါဝင်သည်။

ယင်းအချက်များကို ကျင့်ထုံး ၁၂ ခုတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖော်ထုတ်နိုင်သည့် နည်းလမ်းများ ကျင့်ထုံးတွင် ဖော်ပြထားသဖြင့် နိုင်ငံအနေဖြင့် သယံဇာတများကို အလေအလွင့်မရှိ စီမံနိုင်သည့် လမ်းစဉ်တစ်ခု ဖော်ထုတ်နိုင်ရန် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ သဘာဝ သယံဇာတကျင့်ထုံးနှင့် Natural Resource Governance Institute ၏ ဆောင်ရွက်မှုများအကြောင်း အသေးစိတ်လေ့လာလိုပါက www.resourcegovernance.org တွင်လေ့လာနိုင်ပါသည်။



Suthep Kritsanavarin for NRGI

## သယံဇာတ စီမံမှုအတွက် ပြည်တွင်း အခြေခံအုတ်မြစ် (ကျင့်ထုံး ၁ နှင့် ၂)

မကြာသေးမီ နှစ်များအတွင်း သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကြီးများကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်လာခဲ့သည်။ သတ္တုတူးဖော်ရေး ကဏ္ဍဥပဒေများနှင့် နည်းဥပဒေများကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေပြီး၊ အမျိုးသား ကျောက်မျက် မဟာဗျူဟာတစ်ခုကိုလည်း အလွှာစုံမှစတိတ်ဟိုဒါများ ပါဝင်လျက် ရေးဆွဲလျက်ရှိသည်။ သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ် Extractive Industries Transparency Initiative (EITI) သတ်မှတ်ချက်များ လိုက်နာရခြင်းကြောင့် တူးဖော်ရေးကဏ္ဍ တစ်ခုလုံးတွင် ပွင့်လင်းမြင်သာမှုများ တိုးတက်လာသည်။ သို့သော်လည်း အစိုးရဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားမှုမှာ ရှင်းလင်းမှုမရှိသကဲ့သို့ ဥပဒေကျင့်သုံးမှုမှာလည်း အားနည်းနေဆဲဖြစ်သည်။ စာချုပ်များ၊ သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင် ဆန်းစစ်မှုများကိုလည်း အများပြည်သူအနေဖြင့် မသိရှိနိုင်ဘဲဖြစ်နေသည်။ ဥပဒေချိုးဖောက်သူများကိုလည်း ပြစ်ဒဏ်ချမှတ်ခြင်းမရှိသည့် ကိစ္စများလည်း ရှိသည်။

## ရှာဖွေခြင်း နှင့် တူးဖော်ထုတ်လုပ်ရန် ဆုံးဖြတ်ခြင်း (ကျင့်ထုံး ၃)

ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် လိုင်စင်ချထားပေးခြင်း လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာမှုရှိလာပြီး သမာသမတ်ရှိလာခြင်းကြောင့် နိုင်ငံတကာကုမ္ပဏီကြီးများကို ဆွဲဆောင်နိုင်သည်။ လတ်တလော ဆောင်ရွက်ခဲ့သည့် လိုင်စင်လေလံများတွင် နိုင်ငံတကာ ကုမ္ပဏီကြီးများ ပါဝင်ခဲ့သည်။ တွင်းထွက်နှင့် ကျောက်မျက် ကဏ္ဍတွင်မူ သယံဇာတနှင့် ပတ်သက်သည့် အချက်အလက်များ အလွန်နည်းသဖြင့် လိုင်စင်ချထားပေးရာတွင် အခက်ကြုံနေရသည်။ ဥပဒေတွင် လိုင်စင်ချ ထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပုံကို အသေးစိတ် ဖော်ပြထားခြင်း မရှိသဖြင့် လိုင်စင်ချထားပေးခြင်း လုပ်ငန်းစဉ်သည် ရှုပ်ထွေးပြီး တိတ်တိတ်ပုန်းနိုင်လှသည်။ အထူးသဖြင့် ကျောက် မျက်ကဏ္ဍတွင် ပြဿနာ များလှသည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် အစိုးရသည် ပါမစ်အသစ်များချထားပေးခြင်းကို ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ မပြီးမချင်း ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။ တွင်းထွက်၊ ရတနာနှင့် ရေနံတနိုင်တပိုင်နှင့် အသေးစား တူးဖော်ခြင်းဆိုင်ရာ လိုင်စင်များ ချထားပေးခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လွှဲပေးရန် စီစဉ်လျက်ရှိသည်။ နိုင်ငံ၏သယံဇာတများ စီမံမှု အပေါ်တွင် မည်သို့သက်ရောက်မှုရှိမည်ကို ဆက်လက်စောင့်ကြည့် ရဦးမည် ဖြစ်သည်။



Andre Malerba for NRGI

## နိုင်ငံအတွက် အကျိုးရှိစေမည့် စီမံကိန်းများ ဖော်ထုတ်ခြင်း (ကျင့်ထုံး ၄၊၅၊၆)

ပွင့်လင်းမြင်သာမှု အားနည်းခြင်းကြောင့် သယံဇာတများ၏ တန်ဖိုး အမှန်ကို သိရှိနိုင်ရန်ခက်ခဲသည့် တိုင်အောင် သဘာဝ သယံဇာတများသည် အစိုးရအတွက် အခွန်ငွေအမြောက်အများ ရှာဖွေပေးသည်။ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ ရှင်းလင်းမှု မရှိခြင်း၊ ယုတ္တိမရှိခြင်း၊ အကောင်အထည်ဖော်မှု အားနည်းခြင်း တို့ကြောင့် ရသင့်သည့် ပမာဏအပြည့်အဝ ရရှိရန်မှာ မဖြစ်နိုင်ပါ။ အထူးသဖြင့် လျော့ပေါ့တင်ပြမှုများ၊ လျော့ပေါ့တန်ဖိုးဖြတ်မှုများ အကြီးအကျယ် ဖြစ်နေသည့် ကျောက်မျက် ထုတ်လုပ်မှုတွင် ရင်ဆိုင်ရသည့် ပြဿနာဖြစ်သည်။ တိုးတက်မှုများ ရှိနေသည့်တိုင်အောင် ဒေသခံများ အလုပ်အကိုင် ရရှိရေးကဲ့သို့သော အပြုသဘော ကောင်းကျိုးများ ဖြစ်ထွန်းစေရန်၊ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို ထိခိုက်စေမှုများ လျော့ပါးစေရန် စနစ်တကျ ဆောင်ရွက်မှုများ ကင်းမဲ့နေဆဲ ဖြစ်သည်။ သဘာဝ သယံဇာတ ထုတ်လုပ်မှုကဏ္ဍတွင် အလွန်အရေးပါ၊ ဩဇာကြီးမားသည့် မြန်မာနိုင်ငံရှိ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကလည်း အခက်အခဲတစ်ခု ဖြစ်သည်။ ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းစွာ သတ်မှတ်ထားမှုမရှိခြင်း ဝင်ငွေရှာဖွေရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး တာဝန်နှစ်ခု ရောထွေးနေခြင်းတို့သည် ကိုယ်ကျိုးရှာမှုများကို ဖြစ်ပေါ် စေနိုင်ပါသည်။

## ရရှိလာသည့် ဝင်ငွေများကို စီမံခြင်း (ကျင့်ထုံး ၇ နှင့် ၈)

သဘာဝ သယံဇာတများကို ပြည်နယ်အဆင့်တွင် ထိန်းချုပ်ဆုံးဖြတ်နိုင်ရန် တောင်းဆိုမှုများ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည်။ အချို့သောလုပ်ပိုင်ခွင့်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပြောင်းလဲပေးခြင်းများပါဝင်သည့် ဗဟိုချုပ်ကိုင်မှု လျော့ချသည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် စနစ်တကျ သတ်မှတ်ထားသည့် အခွန်ခွဲဝေပေးမှုပုံစံ သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ တိုက်ရိုက်အခွန်ဝင်ငွေမှ သုံးစွဲခြင်းမဟုတ်ပဲ ဘတ်ဂျတ်များကို ပြည်ထောင်စု အစိုးရက သင့်တော်သလို ခွဲပေးသည့်စနစ်ဖြင့် သွားနေသည်။ အနာဂါတ်တွင် ပြည်နယ်အစိုးရများအနေဖြင့် အချို့သော သယံဇာတ လုပ်ငန်းများမှ အခွန်များ တိုက်ရိုက်ကောက်ခံခွင့် ရရှိလာမည် ဖြစ်သည်။

နိုင်ငံပိုင်လုပ်ငန်းများမှ ရရှိလာသည့်ဝင်ငွေများကို အများပြည်သူမှ စောင့်ကြည့်စစ်ဆေးနိုင်မှု မရှိခြင်းသည်လည်း စိုးရိမ်ရမည့် ကိစ္စတစ်ခု ဖြစ်သည်။ နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းမှ အမြတ်အစွန်း ၅၅ ရာခိုင်နှုန်းကို သီးသန့်စာရင်း (other account) တွင်ထိန်းသိမ်းထားခွင့်ရှိသည်။ ယင်းစာရင်းများတွင် ထရီလီယံနှင့် ချီသည့်ကျပ်ငွေများရှိမည် ဟုခန့်မှန်းရသည်။ ယင်းပမာဏသည် နိုင်ငံပိုင်လုပ်ငန်းများ လိုအပ်သည့် အသုံးစရိတ်ထက် များစွာပိုလျှံနေသည့် ပမာဏဖြစ်သည်။ ယင်းငွေကြေးများကို ကျန်းမာရေး၊ ပညာရေး သို့မဟုတ် အခြေခံအဆောက်အဦး ကဏ္ဍတွင် အသုံးပြု နိုင်သည်။

## ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း (ကျင့်ထုံး ၉ နှင့် ၁၀)

မြန်မာနိုင်ငံတွင် ပြုလုပ်နေသည့် စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၏ အဓိက ရည်ရွယ်ချက်များတွင် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်အတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လည်း ပါဝင်သည်။ သယံဇာတတူးဖော်ရေးလုပ်ငန်းများသည် ယင်းဖြစ်စဉ်ကို အထောက်အပံ့ ဖြစ်စေနိုင်သည်။ အလေအလွင့်မရှိ စီမံနိုင်ပါက သဘာဝ သယံဇာတများသည် အခြားကဏ္ဍတိုးတက်မှုများကို ဖြစ်စေနိုင်ပြီး၊ စီးပွားရေးအမျိုးအစား အစုံအလင် ပွင့်လမ်းလာစေရန် တွန်းအားဖြစ်စေနိုင်သည်။ စည်းမျဉ်းစည်းကမ်းပိုင်းတွင် အပြုသဘောဆန်သည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နေသည့်တိုင် မူဝါဒတည်ငြိမ်မှုမရှိခြင်း၊ အခြေခံအဆောက်အဦး အားနည်းခြင်း၊ ဗျူရိုကရေစီလုပ်ငန်းများ မြန်ဆန်သွက်လက်မှု မရှိခြင်း လာဘ်ပေးလာဘ်ယူမှုတို့ကြောင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီး မြှုပ်နှံမှုများမှာ တိုးပွားလာခြင်း မရှိသေးပါ။ အထူးသဖြင့် ပြည်သူ့ ဘဏ္ဍာစီမံမှု (public financial management) ညံ့ဖျင်း ခြင်းက အဓိကအားနည်းချက်ကြီး ဖြစ်သည်။ ယင်းအားနည်းချက် ရှိနေသောကြောင့် အစိုးရအနေဖြင့် သယံဇာတမှ ရရှိလာသည့် ဝင်ငွေများကို အလေအလွင့်မရှိ ထိရောက်စွာ သုံးစွဲနိုင်ခြင်း မရှိပဲ ဖြစ်နေသည်။

## သယံဇာတ စီမံခြင်း နှင့် နိုင်ငံတကာ ပံ့ပိုးမှု (ကျင့်ထုံး ၁၁ နှင့် ၁၂)

မြန်မာနိုင်ငံရှိ သယံဇာတ တူးဖော်ခြင်းလုပ်ငန်းတွင် ပါဝင်နေ သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍဟုဆိုရာတွင် ရေနံနှင့်ဓာတ်ငွေ့ လုပ်ငန်းနှင့် တွင်းထွက်တူးဖော်ရေးလုပ်ငန်းကြား ကွဲပြားမှုရှိသည်။ နိုင်ငံတကာရေနံကုမ္ပဏီကြီးများ နိုင်ငံတွင်း ဝင်ရောက်လုပ်ကိုင်နေသည်မှာ နှစ်ပေါင်းကြာခဲ့ပြီ ဖြစ်သည်။ တွင်းထွက်တူးဖော်ရေး ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားသည်။ အထူးသဖြင့် ကျောက်စိမ်းတူးဖော်မှုကို လုံးဝ ပိတ်ပင်ထားသည်။ သတ္တုနှင့်တွင်းထွက်တူးဖော်သည့် ကုမ္ပဏီများ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများမှာ အားနည်းလျက် ရှိသည်။ သဘောတရားအရ စံနှုန်းများကို တိတိကျကျ လိုက်နာသည့် နိုင်ငံတကာကုမ္ပဏီများ ပါဝင်မှု တိုးတက်လာခြင်းသည် သဘာဝဝန်းကျင်၊ လူမှုဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ စံနှုန်းများကို တိုးတက်လာစေသည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့ သတ်မှတ်ထားသည့် စည်းကမ်းများကို ကိုယ်တိုင်လိုက်နာခြင်း၊ ဒေသခံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စံနှုန်းများ ကောင်းမွန်လာစေမည် ဖြစ်သည်။ လက်ရှိအချိန်ထိ သတ္တုတူးဖော်ခြင်းတွင် ဝင်ရောက်ရင်းနှီးရန် စိတ်ဝင်စားသူ အနည်းငယ်သာ ရှိသည်။ ပွင့်လင်းမြင်သာမှု၊ သဘာဝဝန်းကျင် စီမံထိန်းသိမ်းခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အစိုးရ၏ သယံဇာတ စီမံမှုကဏ္ဍအသီးသီးတွင် တိုးတက်လာစေရန် မြန်မာ၏ နိုင်ငံတကာမိတ်ဖက်များက ဝိုင်းဝန်း ပံ့ပိုးလျက်ရှိသည်။

Natural Resource Governance Institute